# Myanmar Technologies and Investment Corporation Limited (MTI)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး

### အခမ်းအနားအစီအစဉ်

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအခမ်းအနား ဖွင့်လှစ်ကြောင်းကြေငြာခြင်း။

၂။ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ အဖွင့်အမှာစကားပြောကြားခြင်း။

၃။ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်စိုးသာမှ ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအားတင်ပြခြင်း။

၄။ ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦးမှ နှစ်ချုပ်စာရင်းများကို ဖော်ပြအတည်ပြုခြင်း။

၅။ စာရင်းစစ်အဖွဲ့ဝင် ဦးဝင်းဗလမင်းမှ စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြားအတည်ပြုခြင်း။

၆။ အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း။

၇။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

၈။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များနုတ်ထွက်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအသစ်များရွေးချယ်ခန့်ထားခြင်းအား မဲစနစ်ဖြင့် ရွေးချယ်အတည်ပြုခြင်းနှင့်ကြွရောက်လာသူများအား အကျွေးအမွေးဖြင့်ဧည့်ခံခြင်း။

၉။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမှ အမှာစကားပြောကြားခြင်း။

၁၀။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး ပြီးဆုံးကြောင်း ကြေငြာခြင်း။

**နေ့ရက် ။ ။ ၂၀၁၈ ခုနှစ် ဩဂုတ်လ (၁၈) ရက် (စနေနေ့)**

**အချိန် ။ ။ နေ့လယ် (၂:၀၀) နာရီ မှ (၄:၀၀) နာရီ အထိ**

**နေရာ ။ ။ Conference Hall, MICT Park, လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

အစည်းအဝေးသို့ ပူးတွဲပါပုဂ္ဂိုလ်များတက်ရောက်ကြပါသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်ယုယုခိုင်မှ ဆောင်ရွက်ပါသည်။

**အစီအစဉ်(၁)အရ** - အခမ်းအနားမှူးဒေါ်ယုယုခိုင်မှ အခမ်းအနားအစီအစဉ်များကိုဦးစွာဖတ်ကြားပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖွင့်လှစ်ကြောင်းကြေညာပါသည်။



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

**အစီအစဉ်(၂)အရ** - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ အဖွင့်အမှာစကားပြောကြားရာတွင် -

" ကြွရောက်လာကြတဲ့ MTI Corporation ရဲ့ အစုရှယ်ယာရှင်လူကြီးမင်းများ၊ "Win Thin & Associate" မှ ဆရာကြီးဦးဝင်းသင်နှင့် စာရင်းစစ်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။ ယနေ့ကျင်းပတာကတော့ MTI Corporation ရဲ့ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးပဲဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ မနှစ်က ၂၀၁၇ ခုနှစ် စတုတ္ထအကြိမ် အထွေထွေအစည်းအဝေးမှာ ပြောကြားခဲ့သည့်အတိုင်း၊ လက်ရှိ BOD (၁၁) ဦး ရှိရာမှာ အားလုံးနုတ်ထွက်ပြီး အစုရှယ်ရာရှင်များထဲမှ BOD ရွေးကောက်ခံရန် အဆိုပြုလွှာပေးပို့လာသူများနှင့် လက်ရှိ BOD များမှ ပြန်လည်ရွေးကောက်ခံမည့်သူများ ပေါင်းပြီး BOD အား ရွေးချယ်ရန်ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ဒါရိုက်တာရွေးချယ်ရာမှာ လက်ရှိ BOD (၁၁) ဦးမှ နုတ်ထွက်ပြီး ပြန်လည်အရွေးချယ်ခံမည့်သူ (၉) ဦးနှင့် အဆိုပြုလာသူ (၁) ဦး စုစုပေါင်း (၁၀) ဦး ရှိမှာဖြစ်ပါတယ်။ မနှစ်က မိမိတို့ ပြောခဲ့သည့်အတိုင်း MTI ဟာ အများပိုင်ကုမ္ပဏီဖြစ်သည့်အားလျော်စွာ IPO Readiness သို့ သွားရန် ပြင်ဆင်ဆောင်ရွက်ရမှာဖြစ်တာကြောင့် BOD (၉) ဦးနှင့် Independence Director (၂) ဦးခန့်အပ်သွား ရန်အစီအစဉ်ရှိခဲ့သော်လည်း ယခုအခါ IPO သွားရန်ပြင်ဆင်နေဆဲဖြစ်တာကြောင့် Independence Director (၂) ဦးအား ခန့်အပ်ရန် လိုအပ်လာသည့်အချိန်မှာ ခန့်အပ်သွားမယ်လို့ မိမိတို့ ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါတယ်။

လာမဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာတော့ ယခင်နှစ်များကနှင့်မတူညီတဲ့ Structure နဲ့ သွားဖို့ပြင်ဆင်ထားပါတယ်။ ဒါကတော့ Management Team တစ်ခုကို CEO တစ်ဦးခန့်အပ်ပြီး MTI ဆထက်ထမ်းပိုးတိုးတက်အောင် ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။ ဒီ CEO ဟာလဲ Management Team ကို ဦးဆောင်ကာ ကုမ္ပဏီအတွက် ဝင်ငွေရအောင်ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ဖို့ ဆိုတဲ့နေရာမှာ ကုမ္ပဏီအနေနဲ့ ငွေအင်အားရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် Share Raise လုပ်ရာမှာ ပထမဦးဆုံးအဆင့်ဖြစ်တဲ့ လက်ရှိရှယ်ယာရှင်များထံမှ Rights Issue ခေါ်ယူခဲ့ရာမှာ ၂ ကြိမ်ရှိခဲ့ပြီဖြစ်ပြီး ယခုအခါ ကျွန်တော်များ MTI ဟာ မတည်ရင်းနှီးငွေ (Paid up Capital) ၄.၆ ဘီလီယံကျပ်အထိ မြင့်တက်ခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရန်မှာ အများပိုင်ကုမ္ပဏီတစ်ခုအနေဖြင့် လက်ရှိအစုရှယ်ယာအရေအတွက်နှင့် ရင်းနှီးမြှုပ်နှံငွေများဟာ များတယ်လို့မဆိုနိုင်ပါဘူး။ ဒါကြောင့် လိုအပ်သည့်ရင်းနှီးမြှုပ်ငွေရရှိရန်အတွက် မိမိတို့၏ လက်ရှိအစုရှယ်ယာရဲ့ Valuation ကို ကျွမ်းကျင်သူများနဲ့ ဦးစွာတွက်ချက်ရမှာပဲဖြစ်ပါတယ်။ ဒီလို တွက်ချက်ပြီး ဈေးနှုန်းတစ်ခုရရှိလာပါက "Right of First Refusal" အနေနဲ့ လက်ရှိ အစုရှယ်ယာရှင်များအား ပထမဦးဆုံးဝယ်ယူနိုင်ဖို့ အကြောင်းကြားမှာပဲဖြစ်ပါတယ်။ ဥပမာ- US Dollar ၅ သန်း Raise လုပ်မည်ဆိုပါက၊ Valuation လုပ်ပြီး၊ ထွက်လာမည့်ဈေးနှုန်းဖြင့် လက်ရှိရှယ်ယာရှင်များက အကုန်ဝယ်သွားရင်တော့ အပြင်သို့ ခေါ်စရာမလိုတော့ပါဘူး။ အကယ်၍များ ဒေါ်လာ ၂ သန်းကို လက်ရှိရှယ်ယာရှင်များက ဝယ်ယူပြီး၊ ၃ သန်းကျန်နေသေးသည်ဆိုပါက ပြင်ပမှ စိတ်ဝင်စားသူကို ကမ်းလှမ်းရောင်းချ သွားမဲ့ သဘောပဲဖြစ်ပါတယ်။



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

ကျွန်တော်များ MTI အနေဖြင့် လွန်ခဲ့သည့် (၅) နှစ်တာကာလ ဆောင်ရွက်ခဲ့တာတွေကို အနှစ်ချုပ် တင်ပြရမည်ဆိုပါက - အားလုံးသိကြတဲ့အတိုင်း တစ်ဦးတစ်ယောက်၊ ကုမ္ပဏီတစ်ခုထဲက လုပ်ကိုင်ရန် ခက်ခဲတဲ့ လုပ်ငန်းကြီးများမှာ အားလုံးပူးပေါင်းလုပ်ကိုင်ရန်ဆိုတဲ့ စတင်တည်ထောင်စဉ်က ရည်ရွယ်ချက်အတိုင်းပဲ ပထမဦးဆုံး သီလဝါ SEZ မှာ ရင်းနှီးမြှုပ်နှံခွင့် ရရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ မိမိတို့မှာရှိတဲ့ Paid up Capital ဟာ ရင်းနှီးမြှုပ်နှံရမဲ့ ငွေပမာဏကို မမှီတာကြောင့် ဒါရိုက်တာအဖွဲ့ဝင်များအနေနဲ့ အကောင်းဆုံးစဉ်းစား ဆုံးဖြတ်ပြီး လုပ်ကိုင်ခဲ့ရာ ယခုအခါမှာ မှန်ကန်သောဆုံးဖြတ်ချက်ရဲ့ အသီးအပွင့်များကို နှစ်စဉ်ခံစားနေရပြီဖြစ်ပြီး၊ ယခု ၂၀၁၈ ခုနှစ်အထိဆိုပါက MTSH တွင်ရင်းနှီးမြှုပ်နှံခဲ့တဲ့ ငွေပမာဏ ကျပ် (၁.၉၅) ဘီလီယံရဲ့ ၈၈.၇% ကျော်ကို အမြတ်ဝေစုအဖြစ် ပြန်လည်ရရှိတော့မည်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မြန်မာနိုင်ငံမှာ Mobile Payment ဝန်ဆောင်မှုလုပ်ငန်းများ မစတင်မီအချိန် ကတည်းက MTI Corporation ဟာ Mobile Payment Project လုပ်ငန်းကို စတင်လုပ်ဆောင်ဖို့ ကြိုးပန်းရာမှာ Myanmar Payment Solution Services (MPSS) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၉) ရက်နေ့မှာ စတင်တည် ထောင်နိုင်ခဲ့ပြီး MTI ဟာ ယခုအထိ MPSS မှာ Major Shareholder ဖြစ်ပါတယ်။ MPSS အနေနဲ့ ပထမဦးဆုံး Project အဖြစ် MCB ဘဏ်နဲ့ပူးပေါင်းပြီးတော့ **"663 Mobile Money"** ကို Technical Services Provider အဖြစ် စတင်လုပ်ကိုင်ခဲ့ရာ ယနေ့အထိတိုင်အောင် ဆက်လက်လုပ်ကိုင်နေတဲ့အပြင် Mobile Top up ဝန်ဆောင် မှုများ၊ Online Shopping များအတွက် ငွေပေးချေခြင်း၊ အစရှိတဲ့ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းရပ်များကိုလည်း လုပ်ကိုင်လျှက်ရှိပါတယ်။ စတုတ္ထမြောက် တယ်လီကွန်းအော်ပရေတာဖြစ်တဲ့ "Mytel" နဲ့ပူးပေါင်း၍လည်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ကြိုးပမ်းလျှက်ရှိပြီး၊ ပြီးခဲ့သည့် ဇွန်လက Huawei Technology နဲ့ စာချုပ် ချုပ်ဆိုကာ Public Cloud Service လုပ်ငန်းများလုပ်ကိုင်ရန်လည်း ကြိုးစားလျှက်ရှိတာကြောင့် မကြာမီမှာ ပုံမှန်ဝင်ငွေ ကောင်းကောင်း ရရှိလာတော့မှာပဲဖြစ်ပါတယ်။

MTI ဟာ မူလတည်ထောင်စဉ်က ရည်ရွယ်ခဲ့သည့်အတိုင်း Telecom Operator လုပ်ငန်းမှာ ပါဝင်နိုင်ရေး ကနဦးကြိုးပမ်းချက်အဖြစ် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ (၂၄) ရက်နေ့တွင် Korea Telecom (Kt) နဲ့ ပူးပေါင်းပြီး၊ Telecom Tender ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဤအချိန်မှာ Tender အရွေးမခံခဲ့ရပေမဲ့လည်း 4th Telecom Operator မှာ ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်းရရှိခဲ့ပြီး ၂၄-၀၈-၂၀၁၅ နေ့မှာ အဆိုပြုလွှာတင်သွင်းနိုင်ခဲ့ ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့မှာ Myanmar National Telecom Holdings Public Limited (MNTH) ကို အများပိုင်ကုမ္ပဏီ (၁၁)ခုနဲ့ စတင်တည်ထောင်ခဲ့ရာမှာ MTI သည်လည်း ပါဝင်ခွင့်ရရှိခဲ့ပါ တယ်။ ထည့်ဝင်ခွင့်ရရှိတဲ့ရှယ်ယာ Equity ဟာ များပြားတဲ့အတွက် အစုရှယ်ယာရှင်များထံကနေ ၃-အကြိမ် Rights Issue ရှယ်ယာခေါ်ပြီးထည့်ဝင်ခဲ့ခြင်းဖြစ်ကာ MTI ကုမ္ပဏီဟာ MNTH မှာ ယနေ့အထိ ၁၃.၄၈ % အစုရှယ်ယာပါဝင်ထားပြီး ၅.၅ ဘီလီယံကျပ်ကျော် ရင်းနှီးမြှုပ်နှံထားပါတယ်။ ၂၀၂၂ ခုနှစ်က စတင်ပြီး



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

အမြတ်ဝေစုများ ပြန်လည်ရရှိမယ်လို့လည်း သိရှိထားတာကြောင့် ရင်းနှီးမြှုပ်နှံမှု မှန်တယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျာ - MTI တည်ထောင်စဉ်က အရွေးချယ်ခံခဲ့ရသည့် BOD အဖွဲ့ဝင်များ အနေဖြင့် စတင်တည်ထောင်စဉ်ကရည်မှန်းထားခဲ့သည့်အတိုင်း Telecom Operator လုပ်ငန်းကြီးတွင် ရင်းနှီးမြှုပ်နှံခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်း တချို့သော လုပ်ငန်းရည်မှန်းချက်တွေမှာ Failure ဖြစ်ခဲ့သည်များလည်း ရှိခဲ့ရာ၊ ဥပမာ- IT City Project နဲ့ e-Yangon ကဲ့သို့ လုပ်ငန်းရပ်များမှာ အကြောင်းကြောင်းကြောင့် အဆင်မပြေ ဖြစ်ခဲ့ရသည်များကို ရှယ်ယာရှင်များအနေဖြင့် သိရှိနားလည်ပြီး ဖြစ်မယ်လို့လည်း မျှော်လင့်မိပါတယ်။

BOD အဖွဲ့ဝင်များအနေဖြင့် ဖြတ်သန်းခဲ့သည့် (၅) နှစ်တာကာလတစ်လျှောက်မှာ မည်သည့် လစာ/ Bonus များ ရယူခဲ့ခြင်းမရှိပဲ မိမိတို့မှာရှိတဲ့ Very Limited Capital အတွင်း အကောင်းဆုံးရုန်းကန်ကြိုးစားခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း DICA မှ ထုတ်ပြန်သည့် အများပြည်သူများသို့ အစုရှယ်ယာ ခေါ်ယူနိုင်သော အများပိုင်ကုမ္ပဏီ (၅၅) ခု စာရင်းမှာ ပါဝင်တာကို ကြည့်ခြင်းဖြင့် မိမိတို့ MTI ဟာ Value တစ်ခုတော့ တက်နေပြီ ဆိုတာပြောလို့ရပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ လာမည့်ဘဏ္ဍာနှစ်မှာ Management Team တစ်ခုအား ဖွဲ့စည်းပြီး နောက်ထပ်အလားအလာကောင်းတဲ့ Project များကိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ယင်းသို့ လုပ်ဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံငွေများလည်းလိုအပ်မှာဖြစ်တာကြောင့် စိတ်ပါဝင်စားသူ မည်သူကိုမဆို ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်ပြီး၊ IPO Readiness သို့သွားရန် ပြင်ဆင်ဆောင်ရွက်မှုများစတင်လုပ်ဆောင် တော့မှာပဲဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ Consultant, Legal Advisor များနဲ့တိုင်ပင်ပြီး၊ အသင့်တော်ဆုံး နည်းလမ်းများနဲ့ လုပ်ဆောင်သွားမည်ဆိုတာကို ကျွန်တော်များ BOD အဖွဲ့ကိုယ်စား ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ” ဟု ပြောကြားခဲ့ပါသည်။

**အစီအစဉ်(၃)အရ** - ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးအောင်စိုးသာမှ ဒါရိုက်တာအဖွဲ့အစီအရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအားတင်ပြရာတွင် -

“ အာလုံးမင်္ဂလာပါခင်ဗျာ၊ ကျွန်တော်ကတော့ BOD တစ်ဦးဖြစ်သည့် အပြင် Managing Director တာဝန်ကိုပါယူထားတာဆိုရင် ၂ နှစ်ကျော် ၃ နှစ်ထဲရောက်လာပါပြီ၊ MTI ရဲ့ စတင်ဖွဲ့စည်းပုံကိုပြန်ပြောင်းကြည့်မယ်ဆိုရင် ၂၀၁၂ ခုနှစ်ထဲမှာ မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုတစ်ခုဖြစ်တဲ့ တစ်ဦးတစ်ယောက်ထဲသွားတာကနေ အများနဲ့ စုပေါင်းပြီးသွားကြမယ်၊ အောင်မြင်အောင်လုပ်ဆောင်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အသင်းများရဲ့ ကိုယ်စား စီးပွားရေးအမှန်တကယ်လုပ်မဲ့အများပိုင်ကုမ္ပဏီတစ်ခုကို တည်ထောင်ကြရအောင်ဆိုပြီး စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြတာပဲဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ ICT လိုပဲ အခြားသော Industry တွေဖြစ်တဲ့ ဥပမာ - ဆန်၊ ပဲ၊ ပြောင်း၊ သကြား၊ နောက်ထပ် Financial စတဲ့ Industry အသီးသီးကလည်း အများပိုင်ကုမ္ပဏီ



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

တွေတည်ထောင်ခဲ့ပါတယ်၊ ဒီလိုပဲ IT ထဲမှာရှိတဲ့သူအများအပြားထဲကနေ စိတ်တူကိုယ်တူတွေစုပြီးတော့ ကနဦး အစုရှယ်ယာရှင် ၈၀ ကျော်နဲ့ MTI ကိုဖွဲ့စည်းခဲ့တာဖြစ်ပါတယ်၊ ဒီလိုဖွဲ့စည်းခဲ့ရာမှာ မြန်မာနိုင်ငံရဲ့ IT ကို ကိုယ်စားပြုတဲ့ အသင်း ၂ သင်းဖြစ်တဲ့ MCIA နဲ့ MCPA တိုအပါအဝင် ၄င်းအသင်းတွေမှာ ပါဝင်တဲ့ ကုမ္ပဏီကြီး တွေ၊ ကုမ္ပဏီငယ်တွေ ပေါင်းစီးပြီးတော့ဖွဲ့စည်းခဲ့တာဟာ ဒီကနေ့ဆိုရင် ၅ နှစ် ကျော် အချိန်ကာလသို့ ရောက်လာ ပါပြီ၊ ဒီလိုဖွဲ့စည်းလုပ်ဆောင်ခဲ့ရာမှာ ကျွန်တော်တို့ BOD တွေရဲ့ကတိကဝတ်တွေရှိခဲ့ပါတယ်၊ စပြီးတည်ထောင် ခဲ့တဲ့ ရည်ရွယ်ချက်တွေကိုပြောပြရမယ်ဆိုရင်တော့ -

၁။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်အိုင်စီတီဖြင့် အထောက်အကူပြုနိုင်ရေး။

၂။ ယင်းသို့အထောက်အကူပြုရာမှာ အိုင်စီတီကဏ္ဍအခြေခံအဆောက်အအုံကောင်းများ ပံ့ပိုးဖြည့်တင်းဆောင် ရွက်ရာတွင်ပါဝင်ရေး။

၃။ ပြည်သူတစ်ရပ်လုံးအနေဖြင့် အိုင်စီတီကဏ္ဍနှင့်ပိုမိုအကျွမ်းဝင်ပြီး ဈေးနှုန်းသက်သာ၍အဆင်မြင့်သော ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်ရေးဆိုတဲ့ အချက်တွေပါဝင်ပါတယ်။

မှတ်မိကြမယ်ဆိုရင်အဲ့ဒီအချိန်က Mobile Phone များဟာ အလွန်ဈေးကြီးနေပါတယ်၊ Internet လို့ခေါ် တဲ့ဟာက လက်လှမ်းမမီခဲ့သေးပါဘူး၊ အဲ့ဒီကနေ အခု ၅ နှစ်သို့ ပြန်ကြည့်လိုက်ပါက လူတိုင်းလက်ထဲမှာ Mobile Phone တွေသာမကပဲ Internet ပါ အသုံးပြုလို့ရနေပါပြီ၊ SIM Card ဆိုတာလဲ မလိုချင်တော့ပါဘူးဆိုပြီး ပြန်တောင်ပေးနေရတဲ့အဖြစ်ရောက်နေပါပြီ၊ ဒါတွေကိုပြန်ပြောနေတာက လွန်ခဲ့တဲ့ ၅ နှစ်အချိန်ကကျွန်တော်တို့ ဘာတွေ ဖြတ်သန်းပြီးပြီ၊ ဘာတွေတော့ ကျန်ခဲ့တယ် စတာတွေကိုသိစေချင်လို့ ပြန်ပြောနေတာပါ၊ ဒီ ၅ နှစ် တာမှာ ကျွန်တော်တို့ BOD အဖွဲ့ထဲမှာလဲ တစ်ဦး၊ နှစ်ဦး အပြောင်းအလဲရှိခဲ့ပါတယ်၊ ဒီ ၅ နှစ်တာကာလ ကျွန်တော်တို့ပေးခဲ့တဲ့ကတိတွေ ဒီကုမ္ပဏီတည်ထောင်စဉ်ကာလမှာရှိခဲ့တဲ့ ရည်ရွယ်ချက်တွေ၊ ဒါတွေဟာခုနက ဥက္ကဋ္ဌပြောသွားခဲ့သလို၊ IT Industry ထဲမှာ ကျွန်တော်တို့က တစ်ဦးတစ်ယောက်ထဲ မလုပ်နိုင်တဲ့ ကိစ္စရပ်တွေကို အများနဲ့စုဖွဲ့ပြီး လုပ်ကိုင်နိုင်ဖို့ဆိုတာပဲဖြစ်ပါတယ်။ နောက် Telecom Operator ရယ် သူနဲ့ဆက်စပ်တဲ့ လုပ်ငန်းတွေလုပ်နိုင်ဖို့ ကြိုးစားခဲ့ရာမှာ MNTH မှာ ပါဝင်နိုင်ခဲ့ပြီး၊ MTI ဟာဆိုရင်အခုထိ ၁၄ % နီးပါး ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ တကယ်တန်း Telecom Industry ဆိုတာဟာ ကမ္ဘာပေါ်မှာလည်းအကြီးဆုံး၊ အချမ်း သာဆုံးဆိုတဲ့လုပ်ငန်းတွေမှာ ပါဝင်နေဆဲပါပဲ၊ နောက်တစ်ခုကတော့ သီလဝါအ SEZ မှာလည်း Promoter ကုမ္ပဏီ (၉) ခုထဲမှာ MTI ဟာလည်းပါဝင်ခဲ့ပါတယ်။ လက်ရှိအချိန်အထိမှာ ၄.၇၅ % ကျော်ပိုင်ဆိုင်ဆဲပါ၊ ဒါကို ကြည့်ခြင်းဖြင့် ဒီ ၅ နှစ်တာမှာ MTI ကို စတင် Run ခဲ့တဲ့အချိန်မှာ ၁.၅ ဘီလီယံကျပ်လောက်သာ ရင်းနှီးမြှုပ်နှံ ခဲ့ပြီးတော့ လက်ရှိအချိန်မှာ MTI ရဲ့ Value က (၃) ဆ၊ (၄) ဆ ရှိနေပြီဆိုတာကိုဒီနေရာကနေ ကြေညာချင် ပါတယ်၊ ဒီနေ့က ဒီမှာသူငယ်ချင်းတွေချည်းပဲဆိုတော့ လွတ်လွတ် လပ်လပ်အနေနဲ့ ဂဏန်းတွေကိုပြောပြချင်တဲ့ ပုံစံမျိုး စဉ်းစားထားပြီး၊ မနှစ်ကကဲ့သို့ Presentation တွေ မလုပ်တော့ပဲနဲ့ ဒီဂဏန်းတွေကိုပဲ အပေါ်ကနေ

Emphasize လုပ်ပြီးပြောချင်ပါတယ်၊ ရှေ့မှာ ဥက္ကဋ္ဌပြောသွားတဲ့ အထဲမှာလဲ ပါပါတယ်၊ MTI အနေနဲ့ သေချာလုပ်ခဲ့တဲ့ Investment ကတော့ MTSH ဖြစ်ပြီး၊ ကျွန်တော်တို့ ကုမ္ပဏီက ၁.၅ ဘီလီယံကျပ် Capital ရှိခဲ့တဲ့အချိန်မှာ MTSH မှာ ၁.၉ ဘီလီယံကျပ် ထည့်ပါမယ်လို့ Commitment လုပ်ခဲ့ရပါတယ်၊ ငွေမပြည့်တော့ BOD အဖွဲ့မှရှာကြံပြီး လုပ်ခဲ့ပါတယ်။ ယနေ့ MTSH ရှယ်ယာအရေ အတွက် ၁၈ သိန်းကျော်ပိုင်ထားတဲ့အတွက် မနေ့က Value နဲ့တွက်မယ်ဆိုရင် ၅.၄ ဘီလီယံကျပ် လက်ရှိပိုင်နေပါတယ်၊ Liquidity ကောင်းတယ်ဆိုတဲ့ သဘောမှာရှိပါတယ်၊ Listing လုပ်ထားတဲ့အတွက်ကြောင့် အချိန်မရွေးရောင်းဝယ်လို့ရနေတယ်၊ ဒါဟာလဲ Public Listing ဖြစ်နေတဲ့အတွက်ကြောင့် Assets to Finance အရ Bankable ဖြစ်တယ်၊ ဒါဟာကျွန်တော်တို့အတွက် မှန်ကန်တဲ့ရင်းနှီးမြှုပ်နှံမှုကိုရွေးချယ်နိုင်တယ်ဆိုတာ ဒီနေရာကနေပြောချင်ပါတယ်။ အဲလိုပဲ ကျွန်တော်တို့ MTI အနေနဲ့အရေးကြီးတဲ့ Second Investment ကိုလည်း တော်တော်ကြီးချိတုံချတုံ ဆုံးဖြတ်ခဲ့ရပါတယ်၊ ပထမအချက်ကတော့ 4th Operator ဟာ မြန်မာနိုင်ငံရဲ့နောက်ဆုံးအခွင့်အရေးပဲဖြစ်ပြီး MNTH မှာရှယ်ယာထည့်ဝင်ခွင့်ရခဲ့ပါတယ်၊ MNTH မှာအများဆုံးရှယ်ယာထည့်ဝင်ခွင့်ရတဲ့ ကုမ္ပဏီ (၃)ခု မှာ MTI လည်း အပါအဝင်ပါ။ အခုအချိန်အထိ ရှယ်ယာထည့်ခဲ့တာဟာ ၁၄% လောက်ရှိပြီး နောက်ထပ်လည်းပဲ ၁.၂ ဘီလီယံကျပ်လောက် ထည့်ခွင့်ရှိနေပါသေးတယ်၊ ကျွန်တော်တို့က 4th Operator ထဲမှာ Investment လုပ်ခဲ့တာ Right Investment အနေနဲ့ခံယူထားတဲ့အတွက် ဒီကနေရလာမဲ့ အကျိုးအမြတ်တွေကိုလဲ ကျွန်တော်တို့အနေနဲ့ မျှော်လင့်နေပါတယ်။ အဲ့ဒီတော့ MTI ကြီး ဘာလုပ်နေသလဲလို့ပြောတဲ့အခါမှာ MTI စပြီးတည်ထောင်ခဲ့တဲ့ ရည်ရွယ်ချက်ကိုက တစ်ဦးတစ်ယောက်တည်း၊ တစ်ကုမ္ပဏီတည်း မလုပ်နိုင်တဲ့လုပ်ငန်းတွေကို လုပ်ချင်တဲ့ သဘောဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုတွေကိုစရှာခဲ့တယ်၊ နောက်ကြီးမားတဲ့ project တွေကိုလည်းရှာခဲ့တယ်၊ လောလောဆယ်ဆယ်ကြီးမားတဲ့ရင်းနှီးမြှုပ်နှံမှုအနေနဲ့ (၂) ခုရှိပြီး၊ ဒီနှစ်ခုကနေ ဘာတွေရထားပြီလဲ ဆိုတာကတော့၊ ရှယ်ယာရှင်တစ်ဦးကလည်း မေးထားတာရှိပါတယ်၊ MTI ရဲ့ရှေ့အလားအလာ ဘယ်လိုရှိလဲဆိုတာတွေဖြစ်ပါတယ်။ MTI ဟာ ဘယ်လောက်မြတ်လဲပြောရင် MTSH မှာ ၁.၉၅ဘီလီယံကျပ် ရင်းနှီးမြှုပ်နှံခဲ့ရာမှာနှစ်စဉ် Dividend ပြန်ရထားတာဟာဆိုရင် ၂၀၁၅ မှာ သိန်း(၃၉၀၀)၊ ၂၀၁၆ နဲ့ ၂၀၁၇ မှာ သိန်း(၄၇၀၀)၊ ၂၀၁၈ မှာ သိန်း(၄၂၀၀) လောက်ပြန်ရလာမှာဖြစ်တဲ့အတွက်၊ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေရဲ့ ၉၀% ခန့် ပြန်ရပြီးပြီလို့ ပြောလို့ရတာကြောင့် Right Investment ဖြစ်ပါတယ်လို့ ကျွန်တော်ဒီနေရာကနေပြောချင်ပါတယ်။ ဒုတိယကြီးကြီးမားမား Investment ကတော့ MNTH မှာဆိုရင် ၅.၅၅၅ ဘီလီယံကျပ် ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်၊ နောက်ထပ် ၁.၂ ဘီလီယံကျပ် ရင်းနှီးဖို့ရှိပါသေးတယ်၊ အခုအထိ ၁၄ % လောက်ပိုင်ဆိုင်ထားပါတယ်၊ ဒါက Revalue မလုပ်ခင်ပိုက်ဆံထည့်ထားတာပဲဖြစ်ပါတယ်၊ 4th Operator ကထုတ်ပြန်ထားတဲ့ အမြတ်ရရှိမဲ့နှစ်ရဲ့ ခန့်မှန်းတွက်ချက်ထားချက်အရ ၂၀၂၁ မှာ စတင်ရရှိမှာဖြစ်တာကြောင့် MTI ရဲ့ ရှေ့အလားအလာကတော့ အခုအချိန်အထိ ကောင်းတဲ့သဘောဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျောက်ဖြူ SEZ Project ဖြစ်ပြီး၊ ကျွန်တော်တို့က သီလဝါ SEZ ကို လုပ်တဲ့အခါမှာ မှန်ကန်တဲ့ Investment လို့ ယုံကြည်တဲ့အတွက် ကျောက်ဖြူ SEZ ပေါ်လာတဲ့အခါမှာ Promoter ခေါင်းစဉ်အောက် ရောက်အောင် Touching လုပ်ထားပါတယ်၊ အစောပိုင်းမှာ



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

(၂) နှစ်လောက်မျောနေပေမယ့် ကံအားလျော်စွာပဲ ပြီးခဲ့တဲ့ လအနည်းငယ်မှာ သီလဝါ SEZ ကိုအောင်မြင်အောင် ဦးဆောင်ခဲ့တဲ့ ဆရာဦးဆက်အောင်၊ သူဟာလက်ရှိမှာလဲ ဒု-ဝန်ကြီးလည်းဖြစ်တဲ့ သူ့ကို ကျောက်ဖြူ SEZ ရဲ့ ဥက္ကဋ္ဌ အနေနဲ့ တာဝန်ပေးအပ်ခြင်းခံရပါတယ်။ ဒါကြောင့် ဒါဟာကျွန်တော်တို့အတွက် မျှော်လင့်ချက်လို့ မြင်ပါတယ်။ ကျောက်ဖြူ SEZ ကိုလည်း သီလဝါ SEZ လိုပဲ အောင်မြင်စွာ ကိုင်တွယ်နိုင်မယ်လို့ယုံကြည်ပါတယ်။ ဒါကြောင့် ကျောက်ဖြူ SEZ မှာပါဝင်ဖို့ Touching လုပ်ထားတာဟာလဲ မှန်ကန်တယ်လို့ထင်ပါတယ်၊ ပိုက်ဆံ အများကြီးတော့ မထည့်ရသေးပါဘူး။ အလားတူပဲ MPSS နဲ့ အစရှိတဲ့ Project အသေးမျိုးတွေလုပ်ရန်လည်း အစီအစဉ်ရှိပါတယ်၊ ဒါကြောင့် MTI ရဲ့ Level မှာ ၁.၅ ဘီလီယံကျပ်လောက်မှစပြီး Investment လုပ်ခဲ့ရာ အခုဆိုရင် Right Issue တွေခေါ်တာနဲ့ပဲ ၄.၆ ဘီလီယံကျပ်လောက်အထိရှိနေပြီဖြစ်တဲ့အတွက်ကြောင့် MTI ဟာ နဂိုထက် Capital များလာပြီး နဂိုထက်လုပတဲ့ Position တစ်ခုလည်းဖြစ်လာပါတယ်။ ကျွန်တော်အနေနဲ့ နောက်တစ်ခုပြောချင်တာက တစ်နှစ်ထက်တစ်နှစ်ဘာတွေ Growth ဖြစ်လာသလဲဆိုရင်၊ MTI ရဲ့ ဒါရိုက်တာတွေမှာ ကျွန်တော်က သီလဝါ SEZ ကို ကိုယ်စားပြုတဲ့ဒါရိုက်တာတစ်ယောက်အနေနဲ့ တာဝန်ပေးခြင်းခံရပါတယ်၊ ဦးသောင်းစုငြိမ်းကတော့ ကျွန်တော်နဲ့အတူတူ တွဲဖက်ဒါရိုက်တာအဖြစ် တာဝန်ပေးခြင်းခံရပါတယ်၊ ကျွန်တော်အနေနဲ့က အဲ့ဒီကနေ အခု ဘယ်ကိုရောက်သွားသလဲဆိုရင် သီလဝါရဲ့ ယာယီ MD လုပ်နေပါတယ်။ နောက်တစ်ခုကတော့ MTSH တစ်ခုလုံးကို Restructuring လုပ်နေတာမှာ (၈) လခန့် ရှိသွားပါပြီ၊ တစ်နှစ်လောက်ပြည့်ရင်တော့ နောက်တစ်ယောက်ကိုတာဝန်လွှဲနိုင်မယ်လို့ ယူဆရပါတယ်၊ နောက်ပြီးတော့ သီလဝါ MTSH ကပဲ ထပ်ပြီးတာဝန်ပေးလို့တစ်ကယ့် Development လုပ်နေတဲ့ JV ကုမ္ပဏီဖြစ်တဲ့ MJTD မှာ ဥက္ကဋ္ဌ အဖြစ်တာဝန်ပေးခြင်းခံရပါတယ်။ Operation ကိုဦးဆောင်တာကတော့ ဂျပန် CEO ကဦးဆောင်တာပါ။ နဂိုကတော့ ကျွန်တော်တို့အနေနဲ့ MTSH မှာ Investment Opportunity ပဲရှိပြီးတော့ MJTD နဲ့ဆို အလှမ်းဝေးပါတယ်၊ အခုကတော့ MJTD မှာရော ပါဝင်လာတာကြောင့် IT Industry အနေနဲ့ MJTD နဲ့သော်လည်းကောင်း၊ MTSH နဲ့သော်လည်းကောင်း၊ တခြားသော Project တွေမှာ MTI ပါဝင်လာဖို့ အားထည့်ပြီး ဖိတ်ခေါ်နေပါတယ်။ ဒီလထဲမှာ Telecom Service တွေ ICT Service တွေ Data Center နဲ့ ပတ်သက်တာတွေ Payment နဲ့ပတ်သက်တာတွေ Infrastructure တွေ Fiber စတာ တွေကမှအစ Business Unit တွေအများကြီးရှိတဲ့အတွက်ကြောင့် ဒါတွေကိုလုပ်ဆောင်ဖို့ Shareholders များကိုဖိတ်ခေါ်ချင်ပါတယ်။ ထို့အတူပဲ MTI မှ ရင်းနှီးမြှုပ်နှံထားတဲ့ 4th Operator ဖြစ်တဲ့ MNTH နဲ့ MNTI တို့မှာ ဦးဇော်မင်းဦးက MD အနေနဲ့တာဝန်ထမ်းဆောင်ပြီးတော့ တစ်ကယ့် 4th Operator ထဲမှာတော့ CERO အဖြစ် မြန်မာဘက်မှတာဝန်ခံတယောက်အနေနဲ့ ရပ်တည်နေပါတယ်။ ဒါကြောင့် Telecom ထဲမှာလဲ Telecom Service တွေလုပ်လို့ရအောင် ကျွန်တော်အနေနဲ့ကတော့ အားလုံးကို ရှိနေတဲ့အခြေအနေတွေကို မြင်နေရတဲ့အတွက် ပိုပြီးတော့ ထဲထဲဝင်ဝင်လုပ်ကိုင်ဖို့ ဒီနေရာကနေပြောခြင်းဖြစ်ပါတယ်၊ ရှေ့လုပ်ငန်းစဉ်တွေ ဘာတွေလုပ်ထားသလဲပြောတဲ့အခါမှာ ပြီးခဲ့တဲ့နှစ်တွေမှာတော့ Operation တွေ မရှိခဲ့ဘူးပေါ့။ တောက်လျှောက်သွားခဲ့တာကတော့ Investment တွေလုပ်ခဲ့တဲ့သဘောဖြစ်ပါတယ်။ ဒီ ၅ နှစ်ကျော်ပြီးခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ BOD အဖွဲ့မှ မူလရည်မှန်းချက်ဖြစ်တဲ့ Telecom Operator မှာ ပါဝင်ခဲ့ပြီး



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

နောက်တစ်ခုက IT Industry မှာ Support လုပ်နိုင်ရေး၊ ကုမ္ပဏီအသေးလေးအလိုက် မလုပ်နိုင်တဲ့ စုပေါင်းလုပ်ရမယ့်နေရာတွေမှာလုပ်ကိုင်ပြီး Industry ကြီးကို ဦးဆောင်နိုင်ရေး ဆိုတဲ့ရည်ရွယ်ချက်တွေကို ပြည့်မီခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်ပြီးခဲ့တဲ့ AGM မှာကြေညာခဲ့တာက ရှိသမျှ BOD အားလုံးထွက်ပြီး ပြန်လည် အရွေးခံမယ်လို့စီစဉ်ထားပါတယ်။ အဲဒီလိုပဲ ဒီကနေ ရှေ့သွားမယ့် Board နဲ့ Management က Operation ကို Focus လုပ်မယ်၊ ကျစ်လစ်တဲ့အဖွဲ့အစည်းနဲ့ ဆက် Run မယ်လို့ ပြီးခဲ့တဲ့ Board က ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒါကိုလည်းဒီ AGM မှာပဲတရားဝင်အသိပေးချင်ပါတယ်။ နောက်တစ်ခုကတော့ e-government တို့ e-service တို့ဟာ အခုတလောမှာပဲ ပြောင်းလာပါတယ်၊ အဲဒီအခါကျွန်တော်တို့ MTI မှာရှိတဲ့ Business Opportunities ကို IT Industry ထဲမှာ Focus လုပ်ပြီးတော့လုပ်ကိုင်ဖို့လဲ လုပ်ငန်းအစီအစဉ်ချထားပါတယ်။ ဒါကြောင့်ကျွန်တော်တို့ IT Industry က e-government တို့ e-service တို့စပြီးပြန်လည်အသက်ဝင်လာတဲ့အချိန်မှာ MTI အနေနဲ့လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနဲ့သော်လည်းကောင်း၊ IT ကို Supporting ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မထားပဲနဲ့ Commercial ဖြစ်တဲ့ Project ကို Run ဖို့ ဆိုတဲ့ခေါင်းစဉ်အောက်ရောက်ဖို့စပြီးပြင်ဆင်ထားပါတယ်။ ဒါကတော့နောက်လာမယ့် (၅) နှစ်ရဲ့ Plan ကို Investment ကနေရလာမဲ့ အကျိုးအမြတ် ကနေ Operation ကို နောက် (၄)နှစ် (၅)နှစ် အတွက်လုပ်ကြမယ်ဆိုတာကိုပြောလိုပါတယ်။ ဒါကြောင့် နောက် ၄ နှစ်၊ ၅ နှစ်ရဲ့ Long term Plan အရ ကြည့်မယ်ဆိုပါက ကျွန်တော်တို့ Industry ထဲမှာ MTI က တစ်ခုချင်း တစ်ဖွဲ့ချင်းလုပ်လို့ မရတာကို စုပေါင်းပြီးလုပ်ရမဲ့လုပ်ငန်းကြီးတွေကို ဆက်ပြီးလုပ်နေပါ့မယ်။ ထို့အတူပဲ IT Industry ထဲမှာဆက်ပြီး ဦးဆောင်တဲ့နေရာကနေ ရအောင်၊ နောက်ပြီး အစိုးရရဲ့ Relation နဲ့ International Relation တွေထဲမှာ MTI ဆိုတဲ့ဟာကို ထပ်ပြီးပေါ်လွင်အောင်၊ Operation အနေနဲ့ပိုပြီး Run နိုင်အောင် ပြင်နေပါပြီ။ နောက် ၃ လခန့် အတွင်းမှာ MTI က ဒီလိုဆက် Run နိုင် ဖို့ဆိုရင် Project အတွက်ရှယ်ယာခေါ်ဖို့ရှိပါတယ်၊ အစုရှယ်ယာရှင်တွေ အနေနဲ့ ဝိုင်းဝန်းပံ့ပိုးပေးဖို့ကိုလည်း ကျွန်တော်ဒီနေရာကနေတောင်းဆိုပါတယ်။ ဒါမှလည်းပဲ MTI ရဲ့ Growth က အစုရှယ်ယာရှင်အားလုံးအတွက်ဖြစ်မယ်ဆိုတာကိုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။" ဟုပြောကြားခဲ့ပါသည်။

အခမ်းအနားမှူးမှ ဒါရိုက်တာအဖွဲ့အစီအရင်ခံစာနှင့်ရှေ့လုပ်ငန်းစဉ်များအားတင်ပြပေးပါသော ဒါရိုက်တာ ဦးအောင်စိုးသာအား ကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး၊တက်ရောက်လာသူများသို့ **"သဘောတူပါသလား"** ဟု သုံးကြိမ်မေးမြန်းရာ တက်ရောက်လာကြသူများအားလုံးမှ **"သဘောတူပါသည်"** ဟု သုံးကြိမ်ပြန်လည် ပြောကြားခဲ့သဖြင့် ဒါရိုက်တာအဖွဲ့အစီအရင်ခံစာကိုအတည်ပြုပါသည်။

**အစီအစဉ်(၄)အရ** - ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦးမှ နှစ်ချုပ်စာရင်းအား ဖော်ပြအတည်ပြုရာတွင် -

"ယနေ့ Myanmar Technologies and Investment Corporation Limited (MTI) ရဲ့ ၂၀၁၇-၂၀၁၈ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို တက်ရောက်လာကြတဲ့ အစုရှယ်ယာဝင်များ၊ ဆရာကြီးဦးဝင်းသင်နှင့် စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်တို့ MTI ရဲ့ ၂၀၁၇-၂၀၁၈ နှစ်ချုပ်စာရင်းရှင်းတမ်းတွေကတော့ ယခုတက်ရောက်လာ

ကြတဲ့ ရှယ်ယာရှင်တွေရဲ့လက်ထဲမှာဝေငှထားပြီးဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ တချို့စာရင်းတွေကိုအသေးစိတ် မဖတ်ကြားတော့ပါဘူး။ အချိန်ကိုငဲ့ညှာသောအားဖြင့် စာမျက်နှာ (၆) နဲ့ ရှေ့ကစာမျက်နှာ(၂) မှာရှိတာကတော့ အရင်နှစ်တွေမှာ နှစ်စဉ်ကျွန်တော်ရွတ်နေကျစာရင်းများဖြစ်ပြီး တက်ရောက်သူများဖတ်ကြည့်ပါက အလွယ်တကူ နားလည်မှာပဲဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ကတော့ MTI ရဲ့ စတင်တဲ့ကာလကနေပြီးတော့ ၂၀၁၈ ခုနှစ် မတ်လ (၃၁) မှာ ဖြစ်နေတဲ့အခြေအနေကိုပဲ အကျဉ်းချုပ်တင်ပြအစီအရင်ခံပါ့မယ်။ ရှေ့မှာလည်း ဥက္ကဋ္ဌတို့ MD တို့ ပြောသလိုပဲကျွန်တော်တို့က ကျပ် ၁.၅ ဘီလီယံ လောက်ကနေစပြီး ရင်းနှီးမြှုပ်နှံပြီး ကျပ် ၁.၉ ဘီလီယံ လောက် MTSH မှာကြိုပြီးထည့်ခဲ့တယ်၊ အဲဒီအကျိုးအမြတ်တွေကိုလည်းခံစားရတယ်၊ အဲလိုနဲ့ ၂၀၁၇ ခုနှစ် မတ်လ (၃၁) ရက် အနေနဲ့ချုပ်လိုက်ရင် ကျွန်တော်တို့ရဲ့ **Issued and Paid up Capital** က ကျပ်သိန်းပေါင်း ၃ သောင်းကျော် (၃.၁၀၅ ဘီလီယံ)ကျပ်အထိ ရှိတာတွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရှယ်ယာ Capital တွေ ထပ်ပြီးတိုးချဲ့ Issue ထုတ်တဲ့အခါ အဲဒီမှာ Comprehensive Income အနေနဲ့ Share Premium ရပါတယ်၊ ခုန ရှယ်ယာ (၇ သောင်း)ကျော် ထုတ်ရောင်းလိုက်တဲ့အခါမှာ Share Premium က ကျပ်သိန်း(၈ ထောင်)ကျော် ရပါတယ်၊ ၂၀၁၇ မတ်လ(၃၁)အထိ Fair Value Reserve အကျိုးအမြတ်ရရှိငွေက ကျပ်သိန်း ၅ သောင်း ၇ ထောင် ကျော်ဖြစ်ပါတယ်၊ အဲဒီအချိန်တုန်းကကြည့်လိုက်မယ်ဆိုရင် Retained Earnings အနေနဲ့ (၆၇၀ မီလီယံ)ကျပ် ဖြစ်ပြီး၊ Total အနေနဲ့ကြည့်လိုက်ရင် ၂၀၁၇ မှာကျွန်တော်တို့ရဲ့စုစုပေါင်းတန်ဘိုးဟာ ကျပ်သိန်းပေါင်း ၉ သောင်း ၅ ထောင်ကျော် ရှိနေတယ်ဆိုတာတွေ့ရမှာပါ။ သဘောကတော့ သိန်း ၃ သောင်းကျော်ရင်းထားပြီး၊ တန်ဘိုးက ကျပ်သိန်း ၉ သောင်းကျော် ဖြစ်နေတာတွေ့ရမှာဖြစ်ပါတယ်။ ဒီဘက်နှစ်မှာ Rights Issue ထုတ်ပြီးတဲ့အခါ Fair Value Reserve အနေနဲ့က MTSH ရဲ့ Stock Exchange ပေါ်မှာ သွားနေတဲ့အပေါ်မှာပြန်တွက်ရတဲ့အတွက် ကျပ် (၂.၃ ဘီလီယံ) လောက် ပြန်နုတ်ရပါတယ်။ အဲ့ဒီတော့ ဒီနှစ်အနေနဲ့ကြည့်မယ်ဆိုပါက ရှယ်ယာရှင်တွေကို Dividend အနေနဲ့ (၁၅၅ မီလီယံ)ကျပ် ခွဲဝေပြီးဖြစ်ပါတယ်။ တခါ ဒီနှစ်အနေနဲ့ MTI ရဲ့အမြတ်ငွေဟာ စရိတ်တွေ နုတ်အပြီးမှာ ကျပ်သိန်း ၈၅၀ ကျော် ကျန်ရှိနေတာတွေ့ပါလိမ့်မယ်၊ ဒါဟာ အခုကျွန်တော် MNTH ကို Investment ထပ်ပြီးထည့်တာရော၊ ချေးငွေယူထားတာရော ဒါတွေအတွက် အတိုးအားလုံးပေးဆပ်ပြီး အမြတ်ငွေကျပ်သိန်း ၈၀၀ ဖြစ်ပါတယ်။ နောင်နှစ်တွေမှာလဲ ဒီဟာတွေအတွက်ကြိုတင်ပြီးတော့ စီမံထားပြီးသားဖြစ်တဲ့ အတွက် ဒါတွေနဲ့ပတ်သက်ရင် စိုးရိမ်စရာမရှိဘူးဆိုတာဒီနေရာကနေပြောလိုပါတယ်။ ဒီနေ့ဒီရက်ဆိုရင် ကျွန်တော်တို့ရဲ့ စုစုပေါင်းတန်ဘိုးဟာ ကျပ် ၈.၆ ဘီလီယံအထိ ရောက်နေပြီဆိုတာပြောကြားရင်းနဲ့ပဲ ကျွန်တော် အနေနဲ့နိဂုံးချုပ်အပ်ပါတယ်။ နဂိုထက်ပိုပြီး တိုးတက်မှုရှိနေတယ်ဆိုတဲ့အကြောင်းလေး ဒီနေရာကနေအစီအရင် ခံလိုပါတယ်၊ အားလုံးပဲကျေးဇူးတင်ပါတယ်။" စသဖြင့်ပြောကြားခဲ့ပါသည်။

အခမ်းအနားမှူးမှ နှစ်ချုပ်စာရင်းအားတင်ပြအတည်ပြုပေးပါသော ဒါရိုက်တာဦးမင်းဦးအား ကျေးဇူးတင် ရှိပါကြောင်းပြောကြားပြီး၊ တက်ရောက်လာသူများသို့ **"သဘောတူပါသလား"** ဟု သုံးကြိမ်မေးမြန်းရာ တက်ရောက်လာကြသူများအားလုံးမှ **"သဘောတူပါသည်"** ဟု သုံးကြိမ်ပြန်လည်ပြောကြားခဲ့သဖြင့် နှစ်ချုပ် စာရင်းကိုအတည်ပြုပါသည်။



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

**အစီအစဉ်(၅)အရ** - စာရင်းစစ်အဖွဲ့ဝင်ဖြစ်သည့် ဦးဝင်းဗလမင်းမှ စာရင်းစစ်အစီရင်ခံစာအားဖတ်ကြား အတည်ပြုရာတွင် -

"တက်ရောက်လာကြသော အစုရှယ်ယာရှင်လူကြီးမင်းများအား ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည့် ၂၀၁၈ ခုနှစ် မတ်လ(၃၁)ရက်နေ့ရှိ ပြင်ပစာရင်းစစ်အစီအရင်ခံစာအား ကျွန်တော်အနေဖြင့် "Win Thin & Associates" စာရင်းစစ်အဖွဲ့၏ကိုယ်စား ဖတ်ကြားတင်သွင်းခွင့်ရတဲ့အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်၊" စသဖြင့်အစချီပြီး MTI ၏ ၂၀၁၇-၂၀၁၈ စာရင်းစစ်အစီရင်ခံစာအား ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ အဆိုပါအစီရင်ခံစာနှင့်အတူပါရှိသော "Win Thin နှင့် အဖွဲ့စာရင်းစစ်များ" ၏ စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမည်ဖြစ်ကြောင်း စသဖြင့်ပြောကြားပြီး၊ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြား အတည်ပြုခဲ့ပါသည်။

**အစီအစဉ်(၆)အရ** - အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသောမေးမြန်းချက်များနှင့်ပတ်သက်ပြီး အခမ်း အနားမှူးမှ ပြောကြားရာတွင် မေးမြန်းချက်တစ်စောင်ရောက်ရှိထားပြီး၊ ဒါရိုက်တာ ဦးအောင်စိုးသာမှ ဖြေကြား ပေးပါရန် လေးစားစွာပန်ကြားအပ်ပါကြောင်းပြောကြားရာ - ဦးအောင်စိုးသာမှ

"ကျွန်တော်တို့အခု AGM မလုပ်ခင်အထိ မေးစရာများရှိပါကမေးမြန်းနိုင်ကြောင်းပြောခဲ့ပါတယ်။ မေးမြန်း စာတစ်စောင်ကိုရရှိခဲ့ပြီး MTI ၏ ရှေ့ဆက်လုပ်ဆောင်မည့်အစီအစဉ်များကို သိရှိလိုပါ၍မေးမြန်းခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ရောက်လာပါတယ်။ အနှစ်ချုပ်တင်ပြရရင်တော့ မေးခွန်း (၂) ခု ရှိရမှာ နောက်တစ်ခုကတော့ MTI ၏ ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းများအတွက် ငွေကြေးလိုအပ်ချက်ပမာဏနှင့် လိုအပ်ချိန်များ၊ အကျိုးအမြတ် ရရှိနိုင်မည့်ပမာဏနှင့် ရရှိနိုင်မည့်အချိန်များ၊ စတာတွေအတွက်ခန့်မှန်းတွက်ချက်မှုများ၊ Cash Flow နှင့် Business Plan များ၊ လုပ်ငန်းအောင်မြင်ခန့်မှန်းတွက်ချက်မှုများ၊ စတာတွေကို သိရှိလိုပါကြောင်း၊ ဆိုတဲ့မေးခွန်း ပဲဖြစ်ပါတယ်။ မေးမြန်းစာနဲ့ပတ်သက်ပြီး အရှေ့မှာလဲ ကျွန်တော်ဖြေကြားခဲ့ပါတယ်၊ MTI ရဲ့ ၅ နှစ်တာ ဖြတ်သန်းခဲ့တဲ့ ကာလတလျှောက်မှာ ကောင်းမွန်မှန်ကန်တဲ့ Investment ကိုလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ရှေ့သွားမယ့်လမ်းစဉ်လို့ ပြောတဲ့အခါမှာ မှန်ကန်တဲ့ Investment ကိုလုပ်ခဲ့ပြီးတဲ့နောက်မှာ ရှေ့လာမည့် ၄ နှစ် ၅ နှစ်တာကာလမှာတော့ ပုံမှန်ဝင်ငွေကောင်းကောင်းရရှိမဲ့ Operation လုပ်ငန်းများကို လည်ပတ်သင့်ပြီဆိုကို လည်းပြီးခဲ့တဲ့ BOD အဖွဲ့က ဆုံးဖြတ်ထားခဲ့ပါပြီ။ ဒါကြောင့် Management Team တစ်ခုကိုဖွဲ့စည်းပြီး ဆက်လက် လုပ်ဆောင်မှာဖြစ်သလို ယခု AGM ပြီးသွားတဲ့အခါမှာ ဖြစ်လာမည့် BOD အဖွဲ့က ဒါတွေကို ဆက်လက်တာဝန် ယူဖို့လိုပါတယ်။ ဒ့ါအပြင် MTI ရဲ့ အနာဂတ်အတွက် ကောင်းကောင်းမွန်မွန် Run နိုင်ဖို့ Management အဖွဲ့ကို တာဝန်ဆက်ပေးဖို့လိုပါတယ်။ ဒီလိုပဲတာဝန်ပေးပြီးရင်လည်း ထိုက်သင့်တဲ့လုပ်ငန်းလုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ခွင့် စတာတွေ ပေးဖို့လိုပါတယ်။ အဲဒီလိုပေးနိုင်လို့ရှိရင် ရှေ့မှာ MTI ရဲ့ Operation ကို ကောင်းမွန်စွာလည်ပတ်နိုင် တာကိုမြင်ရမှာဖြစ်ပါတယ်။ MTI ကို နောက်တစ်ဆင့်လုပ်ရမှာက Private Offering သွားဖို့ IPO Readiness အခြေအနေရောက်အောင်ပြင်ဆင်ရပါမယ်၊ လက်ရှိ MTI ထဲက (၈၅) ဦးသော ရှယ်ယာရှင်တို့က ကိုယ့်ပိုက်ဆံ



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

ကိုယ်ထည့်လာရင်းနဲ့ တချိန်ချိန်မှာ ထည့်နိုင်တဲ့အင်အား ကုန်သွားမှာပါ၊ ဒါကြောင့် ယခု MTI သည် ၅ နှစ်ကျော်ကာလမှာ Value တစ်ခုရောက်နေပါပြီ၊ ဒါကိုအခြေပြုပြီး ဒါထက်ပိုကြီးထွားအောင် ရှယ်ယာခေါ်ဖို့ ပြင်ဆင်ထားပါတယ်။ Listing သို့ သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ၊ သွားလို့ရတဲ့အခြေအနေ Readiness ဖြစ်အောင်စတင်ဆောင်ရွက်နေပါပြီ။ မှန်းထားတာကတော့ နောက် ၆ လလောက်အတွင်း Ready ဖြစ်မယ်လို့ထင်ပါတယ်။ အဲဒီလိုပဲ MTI ကနေတာဝန်ပေးတဲ့ Management အဖွဲ့က Invest လုပ်ထားတဲ့ သီလဝါနဲ့ပတ်သက်တဲ့ Project တွေ၊ နောက် Telecom နဲ့ပတ်သက်တာတွေ၊ Government Services တွေ၊ e-government နဲ့ပတ်သက်တာတွေစတာတွေကို ဆက်ပြီးလုပ်နိုင်အောင် ကျွန်တော်တို့ Board က လမ်းကြောင်းချခဲ့ပြီးပါပြီ။ ဒီလမ်းကြောင်းပေါ်မှာ Run နိုင်မယ့် Management Team ကိုတာဝန်ပေးပြီး Board ကလည်း အနီးကပ်ဝိုင်းဝန်းပြီး ဆက်သွားဖို့ဆိုတဲ့အစီအစဉ်ရှိပါတယ်။ ဒါကြောင့်မေးခွန်းမှာပါတာတွေက အဲဒီ Management မှ Board အဖွဲ့၊ Board အဖွဲ့ကနေမှတစ်ဆင့် နောက် AGM မှာ ဘာတွေလုပ်ခဲ့တယ်ဆိုတာတွေကို အသေးစိတ် တင်ပြမယ်ဆိုတာကို ပြောကြားရင်းနိဂုံးချုပ်ပါတယ်။" ဟုပြောကြားခဲ့ပါသည်။

**အစီအစဉ်(၇)အရ** - မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရပြင်ပစာရင်းစစ်ခန့်ထားရာတွင် အခမ်းအနားမှူး ဒေါ်ယုယုခိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက်၏ ပြင်ပစာရင်းစစ်အား "Win Thin & Associates" အားခန့်အပ်မည်ဖြစ်ရာ တက်ရောက်လာကြသူ အစုရှယ်ယာရှင်များအား **"သဘောတူပါသလား"** ဟု သုံးကြိမ်မေးမြန်းရာ တက်ရောက် လာကြသူများမှ **"သဘောတူပါသည်"** ဟု သုံးကြိမ်ပြန်လည်ဖြေကြားသဖြင့် "Win Thin & Associates" အားပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်ကြောင်းကြေညာပါသည်။

**အစီအစဉ်(၈)အရ** - ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဒါရိုက်တာအဖွဲ့ဝင်များနုတ်ထွက်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအသစ်များရွေးချယ်ခန့်ထားခြင်းအား မဲစနစ်ဖြင့်ရွေးချယ်အတည်ပြုခြင်း၊ အစီအစဉ်တွင် အခမ်းအနားမှူးမှ ဖြီးခဲ့သည့်စတုတ္ထအကြိမ်အထွေထွေအစည်းအဝေးတွင် ပြောကြားခဲ့သည့်အတိုင်း ဒါရိုက်တာအဖွဲ့ဝင်များအားလုံးနုတ်ထွက်မည်ဖြစ်ကြောင်း၊ ပြန်လည်၍အရွေးချယ်ခံသူ ဒါရိုက်တာအဖွဲ့ဝင် (၉) ဦးနှင့် အစုရှယ်ယာရှင်များမှ ဒါရိုက်တာအဖြစ်အရွေးချယ်ခံရန်အဆိုပြုလာသူ (၁) ဦး၊ စုစုပေါင်း (၁၀) ဦး တို့အား မဲစနစ်ဖြင့်ရွေးချယ်မှာဖြစ်ကြောင်း၊ ၎င်း (၁၀) ဦးတို့မှာ ဦးဇော်မင်းဦး၊ ဦးထင်အောင်ခိုင်၊ ဦးမင်းဇေယျာလှိုင်၊ ဦးမျိုးမြင့်ထွန်း၊ ဦးမိုးသဲ၊ ဦးမင်းဦး၊ ဦးရှိန်းသူအောင်၊ ဦးသောင်းစုငြိမ်း၊ ဦးအောင်စိုးသာ၊ ဦးအောင်အောင်တို့ပဲဖြစ်ကြောင်းနှင့် မဲစနစ်ဖြင့်ရွေးချယ်ခြင်းကို ရုံးအဖွဲ့မှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

တက်ရောက်လာကြသော အစုရှယ်ယာရှင်များထဲမှ ဦးအောင်ကျော်မိုးမှ ကြီးကြပ်မှုဖြင့် MTI ၏ ရုံးအဖွဲ့မှ ဆောင်ရွက်ရာတွင် မဲမပေးမီ တက်ရောက်လာကြသူများမှ မဲအစောင်ရေ (၃၀၀) စောင်ထုတ်ယူခဲ့ပြီး၊ မဲပေးပြီးနောက် (၂၉၀) စောင် ပြန်လည်လက်ခံရရှိခဲ့ပါသည်။ မဲစာရွက်များအားလုံးရေတွက်ပြီးနောက် တစ်ဦးချင်း၏ မဲရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

| စဉ် | အမည် | ရရှိသည့် မဲအရေအတွက် |
|---|---|---|
| ၁။ | ဦးဇော်မင်းဦး | ၂၈၇ |
| ၂။ | ဦးထင်အောင်ခိုင် | ၂၈၁ |
| ၃။ | ဦးမင်းဇေယျာလှိုင် | ၂၈၀ |
| ၄။ | ဦးမျိုးမြင့်ထွန်း | ၂၇၈ |
| ၅။ | ဦးမိုးသဲ | ၇၈ |
| ၆။ | ဦးမင်းဦး | ၂၇၅ |
| ၇။ | ဦးရှိန်းသူအောင် | ၂၆၄ |
| ၈။ | ဦးသောင်းစုငြိမ်း | ၂၇၄ |
| ၉။ | ဦးအောင်စိုးသာ | ၂၆၇ |
| ၁၀။ | ဦးအောင်အောင် | ၂၆၆ |

အထက်ပါ မဲရေတွက်မှုရလဒ်အရ ဦးဇော်မင်းဦး၊ ဦးထင်အောင်ခိုင်၊ ဦးမင်းဇေယျာလှိုင်၊ ဦးမျိုးမြင့်ထွန်း၊ ဦးမင်းဦး၊ ဦးသောင်းစုငြိမ်း၊ ဦးအောင်စိုးသာ၊ ဦးအောင်အောင်၊ ဦးရှိန်းသူအောင်တို့ (၉) ဦးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြပါသည်။

အခမ်းအနားမှူးမှ တက်ရောက်လာသူများသို့ အထက်ပါမဲရလဒ်အား **"သဘောတူပါသလား"** ဟု သုံးကြိမ်မေးမြန်းရာ တက်ရောက်လာကြသူများအားလုံးမှ **"သဘောတူပါသည်"** ဟု သုံးကြိမ်ပြန်လည်ဖြေကြားခဲ့သဖြင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကိုအတည်ပြုပါသည်။

**အစီအစဉ်(၉)အရ** - ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အရွေးချယ်ခံရသောဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမှ အမှာစကားပြောကြားရန် အခမ်းအနားမှူးမှ ဦးထင်အောင်ခိုင်အားဖိတ်ခေါ်ရာ ဦးထင်အောင်ခိုင်မှ -

"အားလုံးကိုကျေးဇူးတင်ရှိပါတယ်၊ ရှေ့လာမည့်ဘဏ္ဍာနှစ်အတွက် မိမိတို့အရွေးခံရသည့်အတွက် ဘာတွေလုပ်မလဲဆိုတာ ပြောကြားရမဲ့တာဝန်ရှိပါတယ်။ ရှေ့ပိုင်းမှာ ကျွန်တော်ရော MD ဦးအောင်စိုးသာနဲ့ Finance Director ဦးမင်းဦးတို့ ပြောကြားခဲ့သလိုပဲ ရှေ့လုပ်ငန်းစဉ်များအနေနဲ့တင်ပြခဲ့ပြီးဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ ၅ နှစ် တာအတွင်းမှာတော့ Right Decision လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်ပါတယ်၊ စတင်တည်ထောင်စဉ်ကတည်းက ICT နဲ့ပတ်သက်တဲ့တစ်ဦးချင်းမလုပ်နိုင်တဲ့လုပ်ငန်းတွေကိုလုပ်ကိုင်ဖို့ တည်ထောင်ခဲ့တာပါ။ Telecom Operator တွေခေတ်စားတဲ့အချိန်မှာ ပေါ်ပေါက်ခဲ့တာဖြစ်သလို အခုဆို ဒီလုပ်ငန်းထဲမှာပါဝင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ရှေ့လာမည့်နှစ်များမှာ ဆက်လက်ဆောင်ရွက်ရမှာတွေကိုလည်း ပြီးခဲ့တဲ့ Board အဖွဲ့က စီမံခဲ့တာတွေလည်းရှိပါတယ်။ ဒါကတော့ Management Team ကိုဖွဲ့စည်းပြီးဆက်လက်လုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့ကြပါတယ်။ ရှေ့လထဲမှာ ခန့်အပ်သွားမှာပဲဖြစ်ပါတယ်၊ ဒါနဲ့ပတ်သက်တဲ့ Business Plan, Financial Plan တွေကို ဆက်လက်ပြီး အသေးစိတ်ဆွေးနွေးသွားမှာဖြစ်ပါတယ်၊ နောက်အသစ်ဖြစ်လာမည့် Appointed CEO ဟာလည်း သူ့ရဲ့ Business Plan

တွေကိုရေးဆွဲပြီး Shareholders များကိုဖိတ်ကြားပြီး၊ ရှင်းပြဖို့လည်း အစီအစဉ်ရှိပါတယ်ဆိုတာပြောကြားရင်း နိဂုံး ချုပ်အပ်ပါတယ်။” စသဖြင့်ပြောကြားခဲ့ပါသည်။

အခမ်းအနားမှူးမှဆက်လက်၍ ထမ်မံပြီးဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးဇော်မင်းဦးအား အမှာစကားပြောကြားပေးပါရန်ဖိတ်ခေါ်ရာ ဦးဇော်မင်းဦးမှ -

“အားလုံးပဲမင်္ဂလာပါ၊ ပထမပြောချင်တာက ရှေ့ကကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအနေနဲ့ Ease ဖြစ်အောင်ပြောသွားကြပါတယ်၊ ကျွန်တော့်အနေနဲ့ကတော့ Transparent ရှိစွာနဲ့ တည့်တည့်ပဲပြောပါ့မယ်။ ရှေ့လာမဲ့ဘဏ္ဍာနှစ်အတွက် ကျွန်တော်တို့ကို ပြန်လည်ရွေးချယ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ အကောင်းဆုံးလည်းလုပ်ခဲ့ကြပါတယ်၊ ရှေ့လျှောက်လည်း အကောင်းဆုံးပဲလုပ်သွားမှာဖြစ်ပါတယ်။ အကြမ်းဖျင်း တွက်ပြရမယ်ဆိုရင် MTI အနေနဲ့ MNTH မှာထည့်ထားခဲ့တဲ့ Investment ဟာ (၅.၅) ဘီလီယံကျပ်ကျော်ဖြစ်ပါတယ်၊ ဆက်ပြီးတော့လည်းထည့်ရမှာဦးမှာဖြစ်ပါတယ်၊ ရာခိုင်နှုန်းအားဖြင့် ၁၄% လောက်ရှိပါတယ်၊ MNTH အနေနဲ့က လောလောဆယ်ဆယ် Mytel မှာ ၁၂% ရှိပါတယ်၊ Mytel ရဲ့ Total Investment ကတော့ (၁ ဘီလီယံ USD) ကျော်သွားပါပြီ၊ Spetrum ကပဲ ၅၃၀ မီလီယံ USD ရှိပါတယ်၊ 900 MHz , 2100 နဲ့ 1800 လည်း ယူထားပါတယ်၊ နောက်နှစ်မှာ 23 MHz နဲ့ 700 MHz ထပ်ယူတာ ပေါင်းလိုက်မယ်ဆိုရင် (၇၃၀ မီလီယံ USD) အထိရှိသွားမှာဖြစ်ပြီး Equipment Fee လုံးဝမပါသေးပါဘူး၊ ဒီနေ့အထိ Mytel ရဲ့ Total Investment က (**၁.၁ ဘီလီယံ USD**) လောက်အကြမ်းဖျင်းရှိတယ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် MNTH ရဲ့ Value က (၁၂၀ မီလီယံ USD) ရှိပါတယ်၊ MTI က အဲဒီမှာ (၁၄%) ရှိတယ်ဆိုတော့ကာ ကိုယ့်ဘာသာကိုယ်ပဲတွက်ကြည့်စေလိုပါတယ်၊ ဒါနဲ့ပတ်သက်ပြီး ရှေ့မှာမေးခွန်းတစ်ခုရှိပါတယ်၊ ဘယ်လောက်ထပ်ထည့်ရမလဲ? ဆိုတာပဲ။ ကျနိတဲ့ Oppotunities အသစ်တွေပေါ်လာတဲ့အချိန်မှာ ကျွန်တော်နားလည်တာကတော့ ရှယ်ယာထပ်ခေါ်မယ်ဆိုရင် Business Plan အား Shareholders အားလုံးကိုချပြရမှာပဲဖြစ်ပါတယ်၊ လောလောဆယ်ဆယ်ရှိတဲ့အနေအထားအရ လာမယ့် ဒီဇင်ဘာနဲ့ ဇန်နဝါရီမှာ MNTH Level အနေနဲ့ (၉ မီလီယံ USD)ခေါ်ပါမယ်။ Recently ရှေ့လထဲမှာ (၂.၇၅ မီလီယံ USD) ခေါ်ဖို့ရှိနေပါတယ်၊ စုစုပေါင်း (၁၂ မီလီယံ USD) ခန့်ဖြစ်ပြီး၊ အဲဒါရဲ့ (၁၄%) ကတော့ MTI အတွက်ထပ်ခေါ်ရမဲ့ ရှယ်ယာပဲဖြစ်ပါတယ်။ ဒါကြောင့် Board ကတော့ကြိုးစားပြီးရှာရမှာပဲဖြစ်ပါတယ်။ ယခုလောလောဆယ် နီးနီးစပ်စပ်လိုနေတာကို ကြိုးစားပြီးထည့်ဖို့လုပ်နေပါတယ်၊ နောက်ထပ် ဒီဇင်ဘာပတ်ဝန်းကျင်မှာ ထည့်ရမယ့် ပမာဏကိုတော့ Call ထပ်ခေါ်မလား? IPO Process မှာ မီမလား? စသဖြင့်အကြမ်းဖျင်း မှန်းထားပါတယ်။ မထည့်နိုင်ရင်တော့ Dilute ဖြစ်သွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ Shareholders တွေကို ဒီအခွင့်အရေးလက်မလွှတ်စေချင်ပါဘူး၊ Teleco ရဲ့ Value ဟာ ဘယ်လောက်ရှိတယ်ဆိုတာ ဒီမှာရှိတဲ့ Shareholders အားလုံး အလွယ်တကူသိမယ်ထင်ပါတယ်။ Dividend ပြန်ရမဲ့ကာလကိုပြောရရင်တော့ မူလကမှန်းထားတာက ၂၀၂၂ ခုနှစ်မှဖြစ်ပါတယ်။ ဒါပေမယ့် တစ်နှစ်နဲ့ခြောက်လစောပြီး Dividend ပြန်ပေးပါ့မယ်။ ဒီကနေ့အထိ Actived Customers ဟာ ၂.၆၄ မီလီယံ ရထားပါတယ်၊ မှတ်ပုံတင်ထားတာကတော့ ၃.၃၇ မီလီယံဖြစ်ပါတယ်။



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

ပျှဉ်းမျှအနေနဲ့က Customer တစ်ယောက်ဟာ (၃.၅ USD/ Customer) ဖြစ်ပါတယ်၊ ဒါကို **အာဖူ** လို့ခေါ်ပါတယ်၊ ပြီးခဲ့တဲ့လက Mytel ရဲ့ Revenue က (၉ မီလီယံ USD) ရှိပါတယ်။ ဘာတွေလုပ်မလဲအကြမ်းဖျင်း ပြောရရင်တော့ အဓိက က Teleco Service လုပ်ပါတယ်၊ နောက်တစ်ခုကတော့ ယခုလက်ရှိ Moblie Banking လို့ခေါ်တဲ့ My money ပဲဖြစ်ပါတယ်၊ ဗဟိုဘဏ်ကနေ ပြီးခဲ့တဲ့တစ်ပတ်ကပဲ ခွင့်ပြုချက်ကျပါပြီ၊ အဲဒါဟာ Mytel ရဲ့ Subsidiary အနေနဲ့ ထွက်လာမှာပဲဖြစ်ပါတယ်၊ နောက်ပြီးသိပ်မကြာခင်မှာ Fttx လုပ်ဖို့ရှိပါတယ်၊ Local မှာရှိတဲ့အကြီးဆုံး Content Player နဲ့ Mytel နဲ့ မကြာခင် Joint Operation လုပ်ရန်ရှိပြီး Mytel က majority ယူကာ Fttx ကို OTT ပုံစံနဲ့ TV ပေးတာမျိုးဖြစ်ပါတယ်၊ လောလောဆယ်ဆယ် ရန်ကုန်မြို့မှာ Fttx စရောင်းနေပါပြီ၊ မကြာခင်မှာ မန္တလေးနဲ့ တခြားမြို့ကြီးတွေမှာလဲရမှာပါ၊ တစ်ပြည်လုံးအတိုင်းအတာအထိ သွားဖို့လဲရှိပါတယ်၊ Teleco အနေနဲ့ ပြောရရင် ၃၆၀ ဒီဂရီ အပြည့်လုပ်မယ့်အနေအထားရှိပါတယ်၊ Value Added Services တွေလဲရှိပါတယ်၊ လောလောဆယ်ဆယ် Skynet နဲ့ပေါင်းပြီးတော့ Mytv ဆိုတာကိုလည်း လုပ်ထားပါတယ်၊ Telecom Market ဟာ ယနေ့ Still Growing ပါ၊ Market Share ရရင် ရသလောက်ကောင်းမှာဖြစ်ပြီး၊ လောလောဆယ်ဆယ်မှာ 7 % to 8%) ရှိပါတယ်၊ တစ်ပြည်လုံးအနေနဲ့ကြည့်ရင် 4th Operator ဆိုပေမယ့် တချို့ Region တွေမှာ ကျွန်တော်တို့က No.3 ဖြစ်ပါတယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ Ooredoo ကိုကျော်သွားပြီဖြစ်ပါတယ်။ အမှန်အတိုင်းပြောရရင် Shareholders များအားလုံးရဲ့ ပံ့ပိုးမှုကြောင့်ပဲ ကျွန်တော်အနေနဲ့ ဒီနေရာကိုရောက်ခဲ့တာပါ၊ နောက်တချက်ကတော့ Shareholders များအနေနဲ့ Investment တစ်ခုထဲအနေနဲ့ပဲ ကြည့်ပြီးတော့လုပ်မယ်ဆိုရင်တောင် ကောင်းမွန်တဲ့ Investment ဖြစ်ပါတယ်၊ ဒီတစ်နှစ်ပြီးရင်တော့ ရှယ်ယာရှင်တွေထံက ထပ်ပြီး တောင်းစရာမလိုတော့ဘူးလို့ထင်ပါတယ်။ ကျန်တဲ့ကိစ္စတွေကိုတော့ Management Team အသစ်လာပါတော့မယ်၊ နောက် Board အသစ်ကလည်းအကောင်းဆုံးဖြစ်အောင်လုပ်ဆောင်မှာဖြစ်ပါတယ်။ Case by Case ဒီအချိန်မှာ ဘာကိုလုပ်မလဲဆိုတဲ့ကိစ္စတစ်ခုက ပြောရခက်ပါတယ်။ အားလုံးလည်းပဲ Situation ကိုနားလည်ပြီးသားဖြစ်မှာပါ၊ လက်ရှိအနေအထားတွေကိုတွက်ချက်ပြီးတော့လုပ်ရမှာပဲဖြစ်ပါတယ်၊ Transprant ဖြစ်အောင် Case by Case ပြန်တင်ပြပါ့မယ်၊ နောက်တစ်ချက်ကတော့ Board ကိုယ်စားပြောလိုတာက Anytime လုပ်ချင်တဲ့အလုပ်ရှိရင်ပြောပါ၊ Mytel မှာကျွန်တော်ထိုင်နေပါတယ်။ ဒီက Shareholders တွေကလဲ Mytel မှာ Indirectly ရှယ်ယာရှင်တွေပဲဖြစ်ပါတယ်။ ဒါကြောင့် Shareholders တွေအားလုံးမှာ Rights ရှိပါတယ်၊ ကျွန်တော့်ကိုအချိန်မရွေး ဖုန်းဆက်လို့ရပါတယ်။ MTI ရဲ့ Shareholders လို့သာပြောလိုက်ပါ၊ အားလုံးကို လေးလေးစားစားဆက်ဆံပါ့မယ်။ တတ်နိုင်သမျှ ကျွန်တော့်ရဲ့ဘက်ကကူညီပြီးတော့ ရအောင်လုပ်ပေးပါ့မယ်။ ကိုယ့်ဘာသာကိုယ် လုပ်နေကြတဲ့သူတွေလည်းရှိမှာပါ၊ နိဂုံးချုပ်အနေနဲ့ ကျွန်တော်ဟာ ဒီ Shareholders များအားလုံးကို ကိုယ်စားပြုပြီး Mytel မှာသွားရောက်လုပ်ကိုင်နေခြင်းသာဖြစ်ပါတယ်၊ အကောင်းဆုံးဆက်လက်ကြိုးစားသွားပါ့မယ်၊ မကြာခင်မှာ IPO လို့ပြောနေတဲ့ OTC ပေါ်သို့ တက်လှမ်းနိုင်မယ်ဆိုရင်တော့ လက်ရှိခံစားနေရတဲ့ တချို့သောဒုက္ခလေးတွေမှာ၊ ဥပမာ - ရှယ်ယာတွေ Transfer လုပ်ဖို့ခက်ခဲနေတာလေးတွေ၊



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

ရောင်းချင်/ဝယ်ချင်တာလေးတွေဟာ ပိုပြီးအဆင်ပြေပြေနဲ့ အရောင်းအဝယ်ဖြစ်လာမှာပဲဆိုတာ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူး အထူးတင်ပါတယ်။" ဟုပြောကြားသွားခဲ့ပါသည်။

**အစီအစဉ်(၁၀)အရ** - ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း အခမ်းအနားမှူးမှ ကြေညာပြီး အစည်းအဝေးကို ညနေ (၄:၅၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

| အစည်းအဝေးမှတ်တမ်းတင်သူ | အတည်ပြုသူ |
| --- | --- |
| သူရ | ထင်အောင်ခိုင် |
| Manager | Chairman |
| MTI Corporation | MTI Corporation |



Address: Room No.602 / Building 16/ MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm